ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်၊ သောကြာနေ့၊ (28-3-2008) (၅၆၃၆)

အမျိုးသားနိုင်ငံရေးသတိရှိကြဖို့လို

ပရိယာယ်ကြွယ်ဝလှတဲ့ သူတစ်ပါးရဲ့သွေးခွဲမှုကို သတိမထားမိရင် ပြည်ထောင်စုပြိုကွဲမယ့်အန္တရာယ်ဟာ တစ်ချိန်ချိန်မှာ ကျရောက်လာနိုင်တယ်။ ဒါကြောင့် တိုင်းရင်းသားအားလုံးဟာ နိုင်ငံတော်ရဲ့ မည်သည့်အစိတ်အပိုင်းမှာ နေထိုင်သည်ဖြစ်စေ ပြည်ထောင်စုစိတ်ဓာတ် ခိုင်ခိုင်မာမာရှိကြပြီး အမျိုးသားနိုင်ငံရေးသတိရှိကြဖို့လိုအပ်ကြောင်း ပြောကြားလိုတယ်။

တပ်မတော်အစိုးရဟာ နိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်ကို မလွှဲသာမရှောင်သာ ရယူလိုက်ရပြီးနောက် အာဏာကို ပြည်သူ့ထံသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် တစ်ရံမလပ်ခံယူပြီး ရည်မှန်းပြင်ဆင်ခဲ့ တပ်မတော်ဟာ အာဏာကိုမက်မောခြင်းမရှိဘဲ မိမိတာဝန်ယူရတဲ့အခိုက်မှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် တာဝန်လစ်ဟင်းခြင်းမရှိအောင် မနားမနေအပင်ပန်းခံပြီး ကြိုးပမ်းထမ်းဆောင်နေခြင်းသာဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ပြီးစီးပြီဖြစ်တဲ့အတွက် မေလမှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပေးမယ့်အပြင် ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နဲ့အညီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ မှာ ကျင်းပပေးမှာဖြစ်

နေပြည်တော် မတ် ၂၇

၂၀၀၈ ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပသော (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြွက်ကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ရဲဘော်တို့–

ဒီနေ့ဟာ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ ဒို့ပြည်သူနဲ့ ဒို့တပ်မတော်က ကိုယ်ပိုင်စွမ်းရည်ကို ပြတ်ပြတ်သားသား ပြသပြီး ကမ္ဘည်းတင်ခဲ့တဲ့နေ့ဖြစ်တယ်။ တစ်နည်းအားဖြင့် ပြည်သူတစ်ရပ်လုံးက မိမိတို့ရဲ့ အမျိုးသားရေးဇာတိမာန်ကို မော်ကွန်းတင်ခဲ့တဲ့နေ့ ဖြစ်ကြောင်းလဲ ပြောကြားလိုတယ်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နေပြည်တော်စစ်ရေးပြကွင်းကြီး၌ ကျင်းပသော ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းမြွက်ကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၈-၃-၂၀၀၈
(သောကြာနေ့)

ကြည့်ရှုလေ့လာဖွယ်ရာစုံလင် ခေတ်မီတိရစ္ဆာန်ဥယျာဉ်

မြန်မာနိုင်ငံသည် ရေမြေသဘာဝ အရင်းအမြစ်များကြွယ်ဝသည့်အပြင် တောတောင်ရေမြေသဘာဝအလှအပများနှင့် ဖူးပွင့်ဝေဆာ ရှုခင်းအဖြာဖြာတို့ကြောင့် သာယာလှပသည့် နိုင်ငံဖြစ်သည်။ ထို့အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးတို့ကို အလေးထားဆောင်ရွက်နေခြင်းကြောင့် သဘာဝသစ်တောများ၊ ရှားပါးသားငှက်နှင့် တောရိုင်းတိရစ္ဆာန် ဇီဝမျိုးကွဲများ ကြွယ်ဝလျက်ရှိသည်။

ကမ္ဘာ့နိုင်ငံအများအပြားတွင် သဘာဝသစ်ပင်ပန်းမန်များအလှကို ခံစားအပန်းဖြေနိုင်ရန်နှင့် တိရစ္ဆာန်များ၏ အမူအကျင့်ကို လေ့လာနိုင်စေရန် တိရစ္ဆာန်ဥယျာဉ်များကို ဘက်စုံအပန်းဖြေလေ့လာရေး ဥယျာဉ်ကြီးများအဖြစ် ဖန်တီးလျက်ရှိကြသည်။ ယခုအခါ ကမ္ဘာတစ်ဝန်းတွင် တိရစ္ဆာန်ဥယျာဉ်ပေါင်း ၁၂၀၀ ခန့်ရှိသည့်အနက် အာရှတိုက်တွင် ထက်ဝက်ခန့်ရှိနေကြောင်း သိရသည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သည် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှည်ကြာပြီး ရှားပါးတိရစ္ဆာန်များရှိသဖြင့် ထင်ရှားသည်။

မြန်မာနိုင်ငံတွင် ရန်ကုန်မြို့ရှိ ကန်တော်ကြီးနှင့် တိရစ္ဆာန်ဥယျာဉ်၊ ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်၊ ပုပ္ပားတောင် အမျိုးသားဥယျာဉ်၊ လောကနန္ဒာဘေးမဲ့ဥယျာဉ်၊ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်တို့ကို ဘက်စုံအဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိရာ ပြည်တွင်းပြည်ပခရီးသွားများ အပန်းဖြေလေ့လာလျက်ရှိသည်။

ယခုတစ်ဖန် ရန်ကုန်-မန္တလေး ကားလမ်းမကြီး၏ အရှေ့ဘက် ရေဆင်းဆည်အနီးတွင် တည်ဆောက်ပြီးစီးသွားသော တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ကို မတ်လ ၂၆ ရက်နေ့က ဖွင့်လှစ်လိုက်သည်။ မြေအကျယ်ဧက ခြောက်ရာကျော်တွင် တိရစ္ဆာန်များကို ပြကွက် ၂၇ ကွက်ဖြင့် ပြသထားသည်။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် မြန်မာနိုင်ငံအတွင်းမှ ထင်ရှားသည့် ရှားပါးတိရစ္ဆာန်များသာမက ကမ္ဘာ့ရှားပါး တိရစ္ဆာန်များဖြစ်သည့် ကျားဖြူ၊ သားပိုက်ကောင်နှင့် ပင်ဂွင်းငှက်များ အပါအဝင် တိရစ္ဆာန်အမျိုးပေါင်း ရှစ်ဆယ်ကျော်၊ ကောင်ရေ လေးရာကျော်ကို ပြသလျက်ရှိသည်။ တိရစ္ဆာန်များ၏ စရိုက်သဘာဝနှင့် ကိုက်ညီသည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးထားသည့်အပြင် သဘာဝရေကန်ငယ်များ၊ သစ်ပင်တောအုပ်၊ ခေတ်မီကလေးကစားကွင်းနှင့် အဆင့်မြင့် စားသောက်ဆိုင်များကိုပါ တည်ဆောက်ထားသည်။

ယခုအခါ နိုင်ငံတစ်ဝန်းရှိ မြို့ရွာဒေသများတွင် ပြည်သူများ အပန်းဖြေလေ့လာနိုင်ရန် ဥယျာဉ်ပန်းခြံများကို တိုးချဲ့ တည်ဆောက်ပေးလျက်ရှိသကဲ့သို့ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တို့ကို ခေတ်မီအဆင့်မြှင့်တင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများ အပန်းလည်းဖြေ ဗဟုသုတလည်းရ ကြည့်ရှုလေ့လာနိုင်ကြမည် ဖြစ်ပါသည်။ ။

မော်လမြိုင်မြို့ မြေနီကုန်းရပ် ဘုရားနှစ်ဆူကျောင်းတိုက် မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာ၌ တည်ထားသော ဆံတော်ရှင်ဘုရားနှစ်ဆူ သစ္စာအောင်မြေ စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရန်အတွက် ကွယ်လွန်သူကျေးဇူးရှင် ဖခင်ကြီး ဦးမျှင် (ခ) ဦးထွန်းတင်အား ရည်စူး၍ ဇနီးဖြစ်သူ ဒေါ်အေးကြိုင်၊ သား ကိုပန်းဦး-မမိုးစန္ဒာ၊ သမီး ကိုဉာဏ်လင်း-မအေးသန်း၊ သမီး မနှင်းနွယ် (ဆန်းသစ်ဦး စိန်ရွှေရတနာဆိုင်) မိသားစုတို့က အလှူငွေကျပ်သိန်း ၂၆၀ ကို ပဓာနနာယကဆရာတော် နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ရေဝတထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေနှင့် ဝန်ကြီးများ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းပြောကြား

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ညောင်တုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း လှိုင်ပညာအားကစားခန်းမ၌ မအူပင်ခရိုင်နှင့်ညောင်တုန်းမြို့နယ်တို့မှ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား အမှာစကား ပြောကြားစဉ်။ (လယ်/ဆည်)

နေပြည်တော် မတ် ၂၇

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် မတ် ၂၁ရက်တွင် ရောဝတီတိုင်း ညောင်တုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း လှိုင်ပညာအားကစားခန်းမ၌ မအူပင်ခရိုင်နှင့် ညောင်တုန်းမြို့နယ်တို့မှ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောင်ဓမ္မရိပ်သာ သစ္စာရွှေဂူဆရာတော်၏ တရားပွဲ

ရန်ကုန် မတ် ၂၇

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အောင်ဓမ္မရိပ်သာကျောင်း ဆရာတော် ဘဒ္ဒန္တ တေဇနိယဉာဏ(ဗဟုဇနဟိတရေ) သစ္စာရွှေဂူဆရာတော်သည် ဧပြီ ၁ ရက်နှင့် ၂ ရက်တွင်ပြည်မြို့၊ ဧပြီ ၃ ရက်နှင့် ၄ ရက်တွင် ပေါင်းတည်မြို့၊ ၅ ရက်မှ ၈ ရက်အထိ နတ္တလင်းမြို့၊ ၉ရက်နှင့် ၁၀ ရက်တွင် မြောက်ဒဂုံနှင့် သင်္ကြန်တွင်း အောင်ဓမ္မရိပ်သာ၊ ဧပြီ ၂၃ရက်မှ ၂၈ရက်အထိ မိုးညိုမြို့တို့တွင် လစဉ်တစ်ပတ်စခန်းတရားပွဲနှင့် ဝါတွင်း ဝါပ ဥပုသ် လပြည့် လကွယ်တရားပွဲများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ကျိုက္ကလော့ မိုးကုတ်ရိပ်သာတရားစခန်းပွဲ

ရန်ကုန် မတ် ၂၇

မင်္ဂလာဒုံမြို့နယ် ကျိုက္ကလော့ပရိယတ္တိစာသင်တိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ ဆရာတော်ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသဦးစီး၍ သင်္ကြန်တွင်း မိုးကုတ်ဝိပဿနာ ၁၀ ရက် တရားစခန်းပွဲကို ဧပြီ ၈ ရက်မှစတင်၍ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီပုဂ္ဂိုလ်များသည် ဧပြီ ၇ ရက် ညနေ ၅ နာရီ နောက်ဆုံးထား၍ လာရောက်ကြရန် ဆွမ်းဆက်ကပ်လှူဒါန်းလိုသူများ ဖုန်း-၀၉၈၀၂၁၁၁၃၊ ၀၉၅၁၀၅၆၆၅၊ ၆၃၅၆၃၂ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

တရားအလုပ်ချိန်များတွင် ယောဂီဝတ်စုံကိုသာ အမြဲတမ်း ဝတ်ဆင်ကြရမည်ဖြစ်ကြောင်းနှင့် အသက် ၁၅ နှစ်အထက် ယောဂီများကိုသာ လက်ခံမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဝိပဿနာ ၁၀ ရက် တရားစခန်းပွဲ

ရန်ကုန် မတ် ၂၇

တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် သာသနာ့ဗေဒယျမင်္ဂလာ စာသင်တိုက်၌ ဘဒ္ဒန္တပညိန္ဒ(မဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာတော်က တန်ခူးလဆန်း ၆ ရက် (ဧပြီ ၁၁ ရက်)မှ တန်ခူးလပြည့် (ဧပြီ ၂၀ ရက်)အထိ ၁၀ ရက် တရားစခန်း ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဧပြီ ၁၁ ရက် မွန်းလွဲ ၂ နာရီအရောက် လာရောက်ကြရန်နှင့် ဖုန်း-၅၄၁၀၀၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ယာဉ်မတော်တဆမှု လျှော့နည်းပပျောက်ရေး ရှောင်တခင်စစ်ဆေး

ရန်ကုန် မတ် ၂၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင်ရုံးမှ ခရိုင်မှူး ဦးအောင်သိန်း (ဒုတိယညွှန်ကြားရေးမှူး) ခေါင်းဆောင်သောအဖွဲ့သည် ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့နှင့် ပူးပေါင်း၍ မတ် ၁၃ ရက်က ရန်ကုန်-ပဲခူး အမှတ်(၂) လမ်းမကြီး(ကျောက်လမ်းမှတ်တိုင်အနီး)ပေါ်တွင် မောင်းနှင်သွားလာလျက်ရှိသည့် ယာဉ်နှင့်ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ယာဉ်ကြံ့ခိုင်မှု ရှိ၊ မရှိ၊ သတ်မှတ်လိုင်စင်ဖြင့် မောင်းနှင်ခြင်းရှိ၊ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျ မောင်းနှင်ခြင်းရှိ၊ မရှိတို့ကို ရှောင်တခင် စစ်ဆေး၍ ပညာပေးအရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(အောက်ပုံ) (သတင်းစဉ်)

စာဘူးတောင်းသင်္ကြန်တရားစခန်း

ရန်ကုန် မတ် ၂၇

ရန်ကုန်တိုင်းလှည်းကူးမြို့နယ်စာဘူးတောင်းကျေးရွာ ပေတရာပိုင်း ကုသလာရာမချမ်းမြေ့ကျောင်းမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ (၃၂၂) ၌ ဧပြီ ၁၂ ရက်မှ ၁၈ ရက်အထိ ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်ရာ နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တကုသလက ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာတရားများ ဟောကြားမည်ဖြစ်ရာ စခန်းဝင်လိုသူများသည် ဧပြီ ၁၁ ရက် ညနေ ၅ နာရီ လာရောက်ကြရန်နှင့် ဖုန်း-၆၂၉၁၈၆၊ ၅၇၇၉၈၉ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

ဘဒ္ဒန္တ ကောသဝ (ပျော်ဘွယ်) ဓမ္မခရီးစဉ်

ရန်ကုန် မတ် ၂၇

ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တကောသဝ (ပျော်ဘွယ်) ဆရာတော်သည် ဧပြီ ၁ ရက်မှ ၇ရက်ထိ မိုးဖြိမိုးကုတ်ရိပ်သာ၊ ဧပြီ ၁၁ ရက်မှ ၂၀ ရက်ထိ တာချီလိတ်မြို့ မိုးကုတ်ရိပ်သာ ၃၄၈ တွင် (သင်္ကြန်အထူးပွဲ)၊ ဧပြီ ၂၅ ရက်မှ မေ ၄ ရက်အထိ မိုးနဲမြို့ မိုးကုတ်ရိပ်သာ ၈၃၊ မေ ၁၀ ရက်မှ ၁၉ ရက်အထိ ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ချုပ်၊ မေ ၂၅ ရက်မှ ဇွန် ၃ ရက်အထိ လွိုင်ကော်မြို့ မိုးကုတ်ရိပ်သာ ၈၁၊ ဇွန် ၁၂ ရက်မှ ၁၈ ရက်အထိ ပန်းတောင်းမြို့ မိုးကုတ်ရိပ်သာ ၃၉ တို့တွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး မြတ်တရားကို ဟောကြားမည်ဖြစ်ပါ၍ ဖုန်း-၀၉၅၀ ၃၁၅၇၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတော်ရှေ့ဆက်သွားမယ့်လမ်းစဉ် (၇)ရပ်အတိုင်း မှန်ကန်စွာ အချိန်ကိုက် ချီတက်လျက်ရှိ ခေတ်ပြောင်းစနစ်ပြောင်း တာဝန်ကြီးကို တပ်မတော်က စနစ်ကျနညင်သာစွာ ထမ်းဆောင်ပေးခြင်းဟာ သမိုင်းဝင်လုပ်ငန်းတာဝန်ကြီးဖြစ်

☆ ရှေ့ဖုံးမှ

ရဲဘော်တို့–

၁၉ ရာစုနှစ်အတွင်းမှာ ဒို့နိုင်ငံဟာ ခေတ်မီတပ်မတော်တစ်ရပ်မရှိခဲ့လို့ နယ်ချဲ့ရဲ့ ကျူးကျော်စစ်တွေကို တွန်းလှန်နိုင်စွမ်း မရှိခဲ့ရတာဖြစ်တယ်။ ဒို့ရဲ့သမိုင်းမှာ ကနောင်မင်းသားကြီးဟာ နိုင်ငံတော်ကို စက်မှုနိုင်ငံတော်ဖြစ်အောင် ကြိုးပမ်းခဲ့သလို တပ်မတော်အတွက်လဲ ခေတ်မီစစ်လက်နက်ပစ္စည်းတွေ ထုတ်လုပ်ဖို့ အထူးလုံ့လစိုက်ခဲ့တယ်။

သို့သော်လဲ ကနောင်မင်းသားကြီး လွန်သွားပြီးနောက် စက်မှုနိုင်ငံတည်ထောင်ရေးနဲ့ ခေတ်မီတပ်မတော်တည်ဆောက်ရေး ရည်မှန်းချက်ဟာ ပျက်ပြယ်သွားခဲ့ရတယ်။ ဒါ့အပြင် အခြားသောနိုင်ငံတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို မျက်ကွယ်ပြုပြီး ကာကွယ်ရေးသတိ ကင်းမဲ့ခဲ့တာကြောင့်လဲ ဒို့ရဲ့လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာဟာ အလွယ်တကူ ဆုံးရှုံးသွားခဲ့ရတာဖြစ်တယ်။

ရဲဘော်တို့–

လွတ်လပ်ရေး ဆုံးရှုံးသွားပြီးတဲ့နောက်မှာတော့ နယ်ချဲ့တို့ရဲ့ ဖိနှိပ်မှုအောက်မှာ ဒို့လူမျိုးတွေဟာ အညွန့်တုံးမတတ် ဖြစ်ခဲ့ကြရတယ်။ တိုင်းတစ်ပါးသားကို သခင်လို့ခေါ်ပြီး ဘုရားလို့ထူးခဲ့ရတဲ့ နယ်ချဲ့လက်အောက်ကဘဝဟာ ပြောမယုံ ကြုံဖူးမှသိမယ်လို့ ဆိုရလောက်အောင် ခါးသီးခဲ့တယ်။ နှစ်ပေါင်းတစ်ရာကျော်မျှ မခံမရပ်နိုင်ဖြစ်ခဲ့ကြပြီးတဲ့နောက် ဇာတိသွေး ဇာတိမာန်တွေ တဖွားဖွားတက်ကြွလာတဲ့ ပြည်သူ တစ်ရပ်လုံးက အသက်သွေးချွေးမြောက်မြားစွာရင်းနှီးပြီးမှ လွတ်လပ်ရေးကို ပြန်လည်ရယူပေးခဲ့ကြရတာဖြစ်တယ်။ ဒါကြောင့် လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို လေးလေးနက်နက် တန်ဖိုးထားပြီး စောင့်ရှောက်ကာကွယ်ကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့–

ဒို့တပ်မတော်ဟာ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာ ပြည်သူက တည်ထောင်ခဲ့တဲ့ မျိုးချစ်တပ်မတော်ဖြစ်တယ်။ တပ်မတော်ဟာ စတင်သန္ဓေတည်စဉ်ကပင်လျှင် အခက်အခဲ အကျပ်အတည်းအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားပြီး ရှင်သန်ပေါက်ဖွားလာခဲ့ရတာဖြစ်တယ်။

လွတ်လပ်ရေးရပြီးတဲ့နောက်မှာလဲ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အသက်သွေးချွေးပေါင်း မြောက်မြားစွာ စွန့်လွှတ်ခဲ့ကြရတယ်။ ဒါ့အပြင် ပြည်ပကျူးကျော်မှု ရန်စွယ်ကိုလဲ တွန်းလှန်ခဲ့ရတယ်။

တပ်မတော်ဟာ နိုင်ငံတော်မှာ အရေးကြုံတိုင်း ပြည်သူ့ရှေ့က မားမားမတ်မတ် ရပ်တည်ခဲ့တယ်။ ဒါကြောင့် ဒို့နိုင်ငံအပေါ် သဘောထားမှန်ကန်မှုမရှိသူတွေဟာ တပ်မတော်ပြိုကွဲရေးအတွက် အမြဲတစေ ကြံစည်ကြိုးပမ်းလျက်ရှိနေကြတယ်။

ဒို့တပ်မတော်ဟာ မျိုးချစ်တပ်မတော်၊ သစ္စာရှိသော တပ်မတော်၊ စည်းလုံးညီညွတ်သော တပ်မတော်၊ စွမ်းရည်ရှိသော တပ်မတော်၊ စွန့်လွှတ်စွန့်စားသော တပ်မတော်၊ စိတ်ဓာတ်မြင့်မြတ်သော တပ်မတော်၊ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်းဦးထိပ်ပန်ဆင်သော တပ်မတော် စတဲ့ မွန်မြတ်တဲ့ အစဉ်အလာတွေနဲ့ ပြည့်စုံတာကြောင့် ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်နိုင်ခဲ့တာဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ တပ်မတော်ရဲ့ အစဉ်အလာတွေကို ဆက်လက်သယ်ပိုးထမ်းဆောင်ကြဖို့ အလေးအနက် တိုက်တွန်းပြောကြားလိုတယ်။

ရဲဘော်တို့–

မြန်မာ့သမိုင်းကို ပြန်ကြည့်ရင် ဒို့တိုင်းရင်းသားတွေ စည်းလုံးညီညွတ်မှုရှိတဲ့ ကာလတွေမှာ ဒို့နိုင်ငံတော်ကြီးဟာ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်ရယ်လို့ ထည်ဝါခဲ့ညားခဲ့တာကို တွေ့ရမယ်။ ဒါကြောင့် နယ်ချဲ့တွေဟာ သူတို့အုပ်ချုပ်ခဲ့တဲ့ခေတ်ကာလမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲစေဖို့ သပ်လျှိုသွေးခွဲခဲ့ကြတယ်။

ယနေ့ခေတ်မှာလဲ မသမာသူတွေက ပြည်ထောင်စုပြိုကွဲအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲအောင် အစဉ်တစိုက် ကြံဆောင်လျက်ရှိကြတယ်။ တကယ်တော့ ဒို့တိုင်းရင်းသားတွေဟာ ရှေးနှစ်ပေါင်းများစွာကတည်းက နိုင်ငံအနှံ့အပြားမှာ တစ်သားတည်း နေထိုင်လာခဲ့ကြသူတွေဖြစ်တယ်။ အုပ်ချုပ်မှုကဏ္ဍအရ တိုင်းနဲ့ပြည်နယ် ၁၄ ခုနဲ့ ဖွဲ့စည်းထားသော်လဲ တစ်စိတ်တစ်ပိုင်းစီမမြင်ဘဲ ပြည်ထောင်စုမြန်မာနိုင်ငံတော်လို့သာ ခံယူထားကြတာဖြစ်တယ်။

ဒါပေမယ့် ပရိယာယ်ကြွယ်ဝလှတဲ့ သူတစ်ပါးရဲ့ သွေးခွဲမှုကို သတိမထားမိရင် ပြည်ထောင်စုပြိုကွဲမယ့်အန္တရာယ်ဟာ တစ်ချိန်ချိန်မှာ ကျရောက်လာနိုင်တယ်။ ဒါကြောင့် တိုင်းရင်းသားအားလုံးဟာ နိုင်ငံတော်ရဲ့ မည်သည့်အစိတ်အပိုင်းမှာ နေထိုင်သည်ဖြစ်စေ ပြည်ထောင်စုစိတ်ဓာတ် ခိုင်ခိုင်မာမာရှိကြပြီး အမျိုးသားနိုင်ငံရေးသတိရှိကြဖို့ လိုအပ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့–

၁၉၈၈ ခုနှစ်က နိုင်ငံတော်မှာဖြစ်ပေါ်ခဲ့တဲ့ အကြမ်းဖက်ဆူပူမှုတွေကြောင့် တပ်မတော်ဟာ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုရစေဖို့အတွက်နဲ့ နိုင်ငံတော်ရဲ့ လွတ်လပ်ရေးနဲ့အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့အတွက် နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို ရယူခဲ့ရတယ်။ နိုင်ငံတော်မှာ ပျက်ပြားသွားခဲ့တဲ့ တည်ငြိမ်အေးချမ်းမှုကို ပြန်လည်ထိန်းသိမ်းပေးခဲ့ရတဲ့နည်းတူ ယိုယွင်းသွားတဲ့ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာတွေကိုလဲ ပြန်လည်တည်ဆောက်ခဲ့ရတယ်။

ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် လွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်ခဲ့တဲ့ လက်နက်ကိုင်ဆန့်ကျင်ရေးတွေ ချုပ်ငြိမ်းစေဖို့ လိုအပ်တာကြောင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့တယ်။ လက်နက်ကိုင်အဖွဲ့အစည်း အများအပြားဟာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြတဲ့အတွက် လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ ယနေ့ကာလဟာ တည်ငြိမ်အေးချမ်းမှု အကောင်းဆုံးဖြစ်ခဲ့တယ်။ ဒါကြောင့် ပြည်သူတွေဟာ ပရိယေသန ဝမ်းစာရှာဖွေမှုကို အေးချမ်းလွတ်လပ်စွာ လုပ်ကိုင်စားသောက်နိုင်ခဲ့ကြတယ်။

နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ စီးပွားဥစ္စာမြင့်မားရေးကို ဖော်ဆောင်ရာမှာ ဒို့နိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး နိုင်ငံတော်လူဦးရေရဲ့ ၇၀ရာခိုင်နှုန်းကျော်ဟာ ကျေးလက်နေ တောင်သူလယ်သမားတွေ ဖြစ်တာကြောင့် ကျေးလက်နေ တောင်သူလယ်သမားတွေရဲ့ဘဝ မြင့်မားရေးအတွက် ဆည်မြောင်းတာတမံတွေ၊ မြစ်ရေတင်စီမံကိန်းနဲ့ မြေအောက်ရေရရှိရေးစီမံကိန်းတွေကို အစုအဖွဲ့အလိုက် တည်ဆောက်ပေးခြင်းဖြင့် စတင်ခဲ့တယ်။ ဒါ့အပြင် စိုက်ပျိုးမြေများတိုးချဲ့ဖော်ထုတ်ပေးခြင်း၊ အရေးကြီးသီးနှံများ အထွက်နှုန်းကောင်းအောင် ဆောင်ရွက်ပေးခြင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းပေးခြင်းတို့ကြောင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး တစ်မျိုးသားလုံးအတွက် စားရေရိက္ခာ ဖူလုံမှုကို ရရှိခဲ့ပြီဖြစ်တယ်။

စက်မှုလယ်ယာစနစ်ကတစ်ဆင့် နိုင်ငံတော်ကို စက်မှုနိုင်ငံအဖြစ် ကူးပြောင်းဖို့အတွက်လဲ နိုင်ငံပိုင် စက်မှုလုပ်ငန်းကြီးတွေ တည်ဆောက်ပေးခဲ့တဲ့နည်းတူ ပုဂ္ဂလိက စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် စက်မှုဇုန်တွေ ထူထောင်ပြီး အားပေးကူညီခဲ့တယ်။ ဒီလုပ်ငန်းတွေဟာ ပြည်သူတွေ အလုပ်အကိုင်ရရှိရေးကိုလဲ များစွာ အထောက်အကူပြုနိုင်ခဲ့တာဖြစ်တယ်။

နိုင်ငံတော်အတွင်းမှာ လမ်းပန်းဆက်သွယ်မှုခက်ခဲလို့ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်တွေ ဖြစ်ပေါ်နေတာကြောင့် ဒို့တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်စွာ ကူးလူးဆက်သွယ် သွားလာနိုင်ရေးအတွက် ရေခြားမြေခြား အဟန့်အတားတွေကို ဖယ်ရှားပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် မော်တော်ကားလမ်းတွေ၊ ရထားလမ်းတွေ၊ တံတားတွေ၊ လေယာဉ်ကွင်းတွေ တည်ဆောက်ပေးခဲ့တယ်။

ရဲဘော်တို့–

ဒို့တပ်မတော်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို တစ်ဖက်က ထမ်းဆောင်နေသလို အခြားတစ်ဖက်ကလဲ ပြည်သူ့အကျိုးပြု လုပ်ငန်းတွေကို လုပ်ကိုင်ခဲ့တယ်။ ဒို့တစ်တွေဟာ တောအနှံ့၊ တောင်အနှံ့ ရောက်ခဲ့ကြတဲ့ တပ်မတော်သားတွေဖြစ်တာနဲ့အညီ လမ်းပန်းဆက်သွယ်မှု ခက်ခဲတဲ့အပြင် လက်နက်ကိုင်ဆန့်ကျင်မှုတွေကြောင့် နိမ့်ကျခဲ့ရတဲ့ တိုင်းရင်းသားတွေရဲ့ ဘဝတွေကို စာနာနားလည်ကြသူတွေဖြစ်တယ်။ ဒါကြောင့် နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းချမှတ်ပြီး အင်တိုက်အားတိုက် ဖော်ဆောင်ပေးခဲ့တယ်။

ထိုနည်းတူပဲ တစ်နိုင်ငံလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုမှာ ကွာဟမှုနည်းနိုင်သမျှနည်းဖို့ လိုအပ်တာကြောင့် အထူးဒေသကြီးတွေကို ကွန်ရက်ပမာသတ်မှတ်ပြီး ကျောင်းတွေ၊ တက္ကသိုလ်တွေ တည်ထောင်ဖွင့်လှစ်ပေးခဲ့တဲ့နည်းတူ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက်လဲ အထူးကုဆေးရုံကြီးတွေ၊ ဆေးရုံတွေနဲ့ ကျေးလက်ဆေးရုံတွေကို တိုးချဲ့မြှင့်တင်ပေးခြင်း၊ အသစ်တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့တယ်။

ထို့အတူ ဖွံ့ဖြိုးတိုးတက်မှုမှာ ကွက်လပ်မကျန်စေရအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို စီမံကိန်းချမှတ်ပြီး ဆောင်ရွက်ခဲ့တယ်။ ဒါ့အပြင် နိုင်ငံတော်မှာ ယခင်ကရှိခဲ့တဲ့ ဆိုရှယ်လစ်စီးပွားရေးစနစ်အစား ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနိုင်ဖို့ ပုဂ္ဂလိကကဏ္ဍနဲ့ သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီခဲ့တယ်။

ရဲဘော်တို့–

နိုင်ငံတော်မှာ ပြည်သူတို့ရဲ့ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးဖို့ အစဉ်တစိုက်ကြိုးပမ်းရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် လိုအပ်တဲ့အတွက် နိုင်ငံရေးပါတီခေါင်းဆောင်များ၊ ရွေးချယ်ခံကိုယ်စားလှယ်များနဲ့ ညှိနှိုင်းတိုင်ပင်ပြီး ၁၉၉၃ ခုနှစ်မှာ အမျိုးသားညီလာခံကို ခေါ်ယူကျင်းပပေးခဲ့တယ်။ အမျိုးသားညီလာခံဟာ အကြောင်းအမျိုးမျိုးကြောင့် ၁၉၉၆ ခုနှစ်မှာ ယာယီအားဖြင့် ရပ်ဆိုင်းသွားခဲ့ရပြီးနောက် ၂၀၀၃ခုနှစ်မှာ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ထုတ်ပြန်ကြေညာပြီး ၂၀၀၄ ခုနှစ်မှာ အမျိုးသားညီလာခံကို ပြန်လည်ဖိတ်ကြားကျင်းပပေးခဲ့ရာမှာ ၂၀၀၇ခုနှစ်အတွင်း အောင်မြင်စွာ ပြီးစီးခဲ့ပြီဖြစ်တယ်။

ရဲဘော်တို့–

တပ်မတော်အစိုးရဟာ နိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်ကို မလွဲသာမရှောင်သာ ရယူလိုက်ရပြီးနောက် အာဏာအရပ်ရပ်ကို ပြည်သူ့ထံသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် တစ်ရံမလပ်ခံယူပြီး ရည်မှန်းပြင်ဆင်ခဲ့တာဖြစ်တယ်။ တပ်မတော်ဟာ အာဏာကို မက်မောခြင်းမရှိဘဲ မိမိတာဝန်ယူရတဲ့အခိုက်မှာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင်၊ တာဝန်လစ်ဟင်းခြင်းမရှိအောင် မနားမနေအပင်ပန်းခံပြီး ကြိုးပမ်းထမ်းဆောင်နေခြင်းသာ ဖြစ်တယ်။ ဒါကြောင့် နိုင်ငံတော်ရှေ့ဆက်သွားမယ့်လမ်းစဉ် (၇)ရပ်အတိုင်း မှန်ကန်စွာ အချိန်ကိုက် ချီတက်လျက်ရှိတယ်။

နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူတို့အတွက် အခြေခံကောင်းတွေ ဖြစ်ပေါ်တိုးတက်လာဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှာ ယခုဆိုရင် ပြီးပြည့်စုံခြင်း မရှိသေးသော်လဲ အခြေခံလိုအပ်တဲ့ တည်ဆောက်မှုတွေကိုတော့ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်တယ်။

ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းဟာ ပြီးစီးပြီဖြစ်တဲ့အတွက် လာမယ့်မေလမှာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပပေးမယ့်အပြင် ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်မှာ ကျင်းပပေးခြင်းဖြင့် နိုင်ငံတော်အာဏာလွှဲပြောင်းရေးကို ဆောင်ရွက်နိုင်တော့မှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့–

နိဂုံးချုပ်အားဖြင့် ပြောကြားရရင် ယခုလို ခေတ်ပြောင်း စနစ်ပြောင်း တာဝန်ကြီးကို တပ်မတော်က စနစ်ကျန ညင်သာစွာ ထမ်းဆောင်ပေးခြင်းဟာ သမိုင်းဝင်လုပ်ငန်းတာဝန်ကြီးဖြစ်တယ်။

ဒါကြောင့် ရဲဘော်တို့ဟာ–

- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊**
- **နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူလက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး၊**
- **ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး**

စတဲ့ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များကို မမှိတ်မသုန် ဆောင်ရွက်ကြဖို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်

● ကျောဖုံးမှ

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကြသည်။

အဆိုပါ ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ၎င်းတို့၏ဇနီးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား စစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်းမှူးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ (၆၃)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အနုပညာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာ သုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ အထူးဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (အပေါ်ပုံနှင့်အောက်ပုံ)
(သတင်းစဉ်)

ဒို့မြန်မာ့တပ်မတော်

☆ ဒို့ မြန်မာ့တပ်မတော်
ဖော်ဆောင်ခဲ့ မနေး။
ဖွံ့ဖြိုးစည် ဘေးမသန်း
အေးချမ်းသာရေး။

☆ ဒို့ မြန်မာ့တပ်မတော်
ဖော်ဆောင်ခဲ့ မနေး။
တိုင်းရင်းဆွေ တရင်းတနှီး
သွေးစည်းညီရေး။

☆ ဒို့ မြန်မာ့တပ်မတော်
ဖော်ဆောင်ခဲ့ မနေး။
နိုင်ငံတော် ဥပဒေသစ်နဲ့
ခေတ်မီဖို့လေး။

☆ ဒို့ မြန်မာ့တပ်မတော်
ဖော်ဆောင်ခဲ့ မနေး။
ကမ္ဘာ့အလယ် ရင်ပေါင်တန်းနိုင်မယ့်
လမ်းသစ်ဖွင့်ပေး။

☆ ကြည်းရေလေ အင်အားပြည့်
ထင်ရှားသည့် တပ်မတော်ပါ၊
သမိုင်းမှာ အစဉ်အလာကောင်းတွေနဲ့
ပေါင်းစည်းတည်လာ၊
အားဆယ်ပါး ပန်ဆင်ကာ
သွေးသစ္စာခိုင်တည်မြဲ။
သမ္မာရှိစံ ကမ္ဘာသိတယ်လ
ဇာတိမာန် လာမထိလေနဲ့
သတ္တိနီရဲ။ ။

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုလျက်-

ကိုကျော်

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့် အတင့် ဖြစ်ထွန်းမည်။

၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများအား ချီတက်ရာလမ်းတစ်လျှောက်မှ ပြည်သူများက သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

နေပြည်တော် မတ် ၂၇

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားသို့တက်ရောက်ရန် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်လှမင်း ဦးဆောင်သော အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စုရပ်စစ်ရေးပြကွင်းမှ စစ်ရေးပြကွင်းကြီးသို့ ချီတက်ကြရာ ထောင်ပေါင်းများစွာသော ပြည်သူများက လမ်းတစ်လျှောက်မှနေ၍ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

သောင်းသောင်းဖြဖြကြိုဆို

ထိုသို့ ဂုဏ်ပြုကြိုဆိုကြရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) နှင့် ကာကွယ်ရေးဦးစီးချုပ် (လေ)တို့၏ ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၏ ဇနီးများကလည်း ပြည်သူများနှင့်အတူ စစ်ရေးပြ စစ်ကြောင်းကြီးများတွင် ပါဝင်စစ်ရေးပြကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ပန်းကုံးများစွပ်၍လည်းကောင်း၊ အောင်သပြေပန်းများ ကမ်းလှမ်း၍လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသော တပ်မတော်သားများအား ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။ (သတင်းစဉ်)

ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသော တပ်မတော်သားများအား ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသော တပ်မတော်သားများအား ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်း ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသော တပ်မတော်သားများအား ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက် ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသော တပ်မတော်သားများအား ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။

(သတင်းစဉ်)

ထို့အပြင် ထောင်ပေါင်းများစွာသော ပြည်သူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးတို့မှ အရာထမ်း၊ အမှုထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များမှ အသင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင် မိသားစုများ၊ သူနာပြုများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက အောင်သပြေပန်းများ ကမ်းလှမ်း၍ လည်းကောင်း၊ ပန်းကုံးများစွပ်၍လည်းကောင်း စစ်ရေးပြ စစ်ကြောင်းကြီးများ ချီတက်ရာလမ်းတစ်လျှောက်မှနေ၍ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

(သတင်းစဉ်)

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် မတ် ၂၇

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ စုရပ်စစ်ရေးပြကွင်း၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်၍ ဆုများကိုပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် (၆၃)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ (၆၃)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်း၊ အကောင်းဆုံးစစ်ရေးပြတပ်ခွဲ ရွေးချယ်ဆုချီးမြှင့်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်လှမင်း ဦးဆောင်သော အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့မှ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများ၊ တပ်ခွဲမှူးများနှင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်လှမင်းနှင့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီ တပ်ဖွဲ့ဝင်များက အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် (၆၃)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက ဂုဏ်ပြုဆုရရှိကြသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား ဆုများကိုပေးအပ် ချီးမြှင့်သည်။ ဆက်လက်၍ စစ်ရေးချုပ် ဗိုလ်ချုပ် သူရမြင့်အောင်က ဂုဏ်ပြုဆုရရှိသော မြန်မာနိုင်ငံရဲ တပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် စစ်ရေးပြတပ်ခွဲ တတိယဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား ဆုများကိုပေးအပ် ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက စစ်ရေးပြတပ်ခွဲ၊ ဒုတိယဆုရ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် စစ်ရေးပြတပ်ခွဲ ပထမဆုရ သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ တို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်လှမင်းနှင့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီ တပ်ဖွဲ့ဝင်များက အလေးပြုကြပြီး ဆုချီးမြှင့်ပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် (၆၃)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ဂုဏ်ပြုဆုရရှိသော မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း စစ်ရေးပြတပ်ခွဲ ပထမဆုရ သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း စစ်ရေးပြတပ်ခွဲ ဒုတိယဆုရ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် စစ်ရေးပြတပ်ခွဲ တတိယဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ အား ဆုပေးအပ် ချီးမြှင့်စဉ်။ (သတင်းစဉ်)

နေပြည်တော်မဟာသကြ်န် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ

နေပြည်တော် မတ် ၂၇

နေပြည်တော်မဟာသကြ်န် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၃ရက်မှ ၁၅ရက်အထိ နေပြည်တော် မြို့တော်ဂေါက်ကွင်း၊ ရေပြာတပ်မတော် ဂေါက်ကွင်းနှင့် နေပြည်တော် ဂေါက်ကွင်းတို့တွင် တစ်ကွင်းတစ်ရက်စီဖြင့် သုံးရက် ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ရွှေ၊ ငွေအဆင့် အသင်းလိုက်ပြိုင်ပွဲနှင့် ရွှေ၊ ငွေအဆင့် တစ်ဦးချင်း ပြိုင်ပွဲများပါဝင်မည်ဖြစ်ပြီး ဆုများအနေဖြင့် နေ့စဉ် ကွင်းအလိုက် ကျင်းပမည့်ပြိုင်ပွဲများတွင် အသင်းလိုက် ပထမ၊ ဒုတိယဆုများနှင့် တစ်ဦးချင်း ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဥ္စမဆုများကိုလည်း ကွင်းအလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။

ဂေါက်ကွင်းတစ်ကွင်းတွင် တစ်ရက်စီဖြင့် သုံးရက်ယှဉ်ပြိုင်ကစားပြီးပါက အကောင်းဆုံး အသင်းအတွက် နေပြည်တော်မဟာသကြ်န် Tour Gold Cup ဖလားနှင့် အားကစားသမားတစ်ဦးချင်းကိုလည်း ရွှေသားရုပ်တုတစ်ဆုနှင့် ငွေကျပ် ၁၀သိန်းစီအပြင် ဒုတိယရရှိသည့် အသင်းအား တစ်ဦးချင်း ငွေသားရုပ်တု တစ်ဆုနှင့် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သုံးရက်ပေါင်း တစ်ဦးချင်း အကောင်းဆုံး အားကစားသမားအား ရွှေသားရုပ်တု တစ်ဆုနှင့် ငွေကျပ် ၁၀သိန်း၊ ဒုတိယရရှိသည့် အားကစားသမားအား ငွေသားရုပ်တု တစ်ဆုနှင့် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင် အသင်းတစ်သင်းစီတွင် အားကစားသမား ခြောက်ဦးပါဝင်ရမည် ဖြစ်ပြီး Pro အားကစားသမား နှစ်ဦးထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင် အားကစားသမားအားလုံးအနေဖြင့်လည်း အကျောပေးသတ်မှတ်ချက် (Handicap Zero) ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းအနေဖြင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ သတ်မှတ်ထားသော စည်းကမ်းများနှင့် ကွင်းအလိုက် သတ်မှတ်ထားသည့် ဒေသန္တရ စည်းမျဉ်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်သွားရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက်အားကစားသမားများ၏ အမည်စာရင်းကို ဧပြီ ၁၀ရက် နောက်ဆုံးထား၍ နေပြည်တော် မြို့တော်ဝန်ရုံး ဖုန်း ၀၆၇-၄၁၄၆၁၀၊ ၄၁၄၂၈၉ တို့သို့ ပေးပို့သွားရမည်ဖြစ်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၃-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ် ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- **၄:၁၅** ၄။ မဟာဂီတ ချိုကြည်မြ
- **၄:၂၀** ၅။ မျိုးချစ်တပ်မတော်
- **၄:၃၀** ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၅၀** ၇။ အမျိုးသားရေးတေးကဗျာ
- **၅:၀၀** ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- **၅:၃၅** ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- **၆:၄၅** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပျော်ရွှင်ပါစေ (အပိုင်း-၇)**
- **၈:၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ **စေညွှန်ရာလမ်းမများ -တက္ကစီမင်းနှင့် သကြ်န်ပွဲတော်**
- ၁၉။ စိုက်ပျိုးသုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း စည်းခြားထားသောအချစ် (အပိုင်း-၁၇)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

✻ နိုင်ငံတော်မှ

အဆိုပါ ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ (၆၃)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး၊ ဗိုလ်ချုပ်ခင်ဇော်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ အစိုးရအဖွဲ့ရုံးနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ မီးသတ်ဦးစီးဌာနမှ အရာရှိကြီးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ သူနာပြုများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ ပြည်တွင်းရှိ နိုင်ငံခြားသတင်းဌာနများနှင့် ဂျာနယ်၊ မဂ္ဂဇင်းများမှ သတင်းထောက်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ပါဝင်ကြသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်သည်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီး၌ ကျင်းပမည့် စစ်ရေးပြအခမ်းအနားသို့ စစ်ကြောင်းကြီးများအလိုက် ချီတက်ရန် နံနက် ၅ နာရီတွင် စုရပ် စစ်ရေးပြကွင်း၌ စတင်စုရုံးရောက်ရှိ နေရာယူကြသည်။

ယင်းသို့ ရောက်ရှိနေရာယူကြပြီးနောက် နံနက် ၅ နာရီခွဲတွင် စစ်ရေးပြ အခမ်းအနားကျင်းပရာ နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီးသို့ ချီတက်ကြမည့် စစ်ကြောင်းကြီး ခုနစ်ကြောင်း၏ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်လှမင်းထံ စစ်ရေးပြတပ်ရေး ဒုတိယဗိုလ်မှူးကြီး အောင်မြင့်ဦးက တပ်ကိုအပ်သည်။

ထို့နောက် စစ်ကြောင်းကြီးများ စုရပ်စစ်ရေးပြကွင်းမှ စစ်ရေးပြကွင်းကြီးသို့ မထွက်ခွာမီ တပ်မတော် ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်မှ အရာခံဗိုလ်အောင်မိုးလင်း ခေါင်းဆောင်သည့် ဗဟိုစစ်တီးဝိုင်းအဖွဲ့သည် စစ်ရေးပြကွင်းကြီးအတွင်းရှိ သတ်မှတ်ထားသည့် နေရာ၌ နေရာယူသည်။

ယင်းနောက် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်လှမင်း ဦးဆောင်၍ ၎င်းနောက်မှ စစ်ရေးပြ တပ်ရေး ဒုတိယဗိုလ်မှူးကြီး အောင်မြင့်ဦး၊ ယင်းနောက် အလံတော်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကျော်ကျော်လင်း ခေါင်းဆောင်ပြီး ပြည်ထောင်စုအလံများနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများပါဝင်သော အနော်ရထာစစ်ကြောင်း အလံတော်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီးဝင်းမိုး ခေါင်းဆောင်သည့် အနော်ရထာ စစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ချို ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူး တိုးမြင့်ကျော် ခေါင်းဆောင်သည့် သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု အနော်ရထာစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ အနော်ရထာစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ကျော်ဇေယျ၊ တပ်ခွဲမှူး ဗိုလ်မှူး မင်းချစ်ညို ခေါင်းဆောင်သည့် ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးကျော်သီဟ ခေါင်းဆောင်သည့် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးလင်းထွန်း ခေါင်းဆောင်သည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၄)၊ တပ်ခွဲမှူး ဗိုလ်မှူးကျော်ဇေယျ ခေါင်းဆောင်သည့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ (၃)နှင့် တပ်ခွဲမှူး ဗိုလ်မှူးမျိုးကျော်သူခေါင်းဆောင်သည့် အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ တို့မှ တပ်မတော်သားများက အနော်ရထာ စစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ နေပြည်တော် စစ်ရေးပြကွင်းကြီး၌ ကျင်းပသော ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

အလားတူ အလံအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးမြင့်နိုင် ခေါင်းဆောင်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများ ပါဝင်သော ကျန်စစ်သား စစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီး တင်လှဝင်း ခေါင်းဆောင်သည့် ကျန်စစ်သား စစ်ကြောင်းစစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး အောင်ကျော်ဦး ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးဝင်းမြင့်ခိုင် ခေါင်းဆောင်သည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု ကျန်စစ်သားစစ်ကြောင်းဂုဏ်ပြုတပ်ခွဲ၊ ကျန်စစ်သားစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး နိုင်ဒင်လတ်၊ တပ်ခွဲမှူး ဗိုလ်မှူးကျော်ကျော်ထွန်း ခေါင်းဆောင်သည့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူး ခင်မောင်စိုး ခေါင်းဆောင်သည့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ တပ်ခွဲမှူး ဗိုလ်မှူးဟိန်းမြတ်ကျော် ခေါင်းဆောင်သည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူး အောင်ကျော်မင်း ခေါင်းဆောင်သည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ (၂)တို့မှ တပ်မတော်သားများက ကျန်စစ်သားစစ်ကြောင်း အမည်ဖြင့် ချီတက်ကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီး၌ ကျင်းပသော ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

ထို့အတူ အလံအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးလွန်းနေအောင် ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများပါဝင်သော ဘုရင့်နောင်စစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် ဒုတိယတပ်ကြပ်မြမောင် ခေါင်းဆောင်သည့်ဘုရင့်နောင်စစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးတင်အောင်ဆန်း ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူး စိုင်းသော်တာကို ခေါင်းဆောင်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု ဘုရင့်နောင်စစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ဘုရင့်နောင်စစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ကိုကိုကျော်၊ တပ်ခွဲမှူး ဗိုလ်မှူးဆန်းမင်းအောင် ခေါင်းဆောင်သည့် စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးကျော်သီဟ ခေါင်း ဆောင်သည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးစိုးကျော်ထက် ခေါင်းဆောင်သည့် အနောက်မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးဖုန်းနိုင်ဝင်း ခေါင်းဆောင်သည့် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)တို့မှ တပ်မတော်သားများက ဘုရင့်နောင်စစ်ကြောင်း အမည်ဖြင့် ချီတက်ကြသည်။

အလားတူ အလံအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးဝင်းဘို ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများပါဝင်သော အောင်ဇေယျစစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် ဒုတိယအရာခံဗိုလ်ကျော်ဇေယျဝင်း ခေါင်းဆောင်သည့် အောင်ဇေယျစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးကျော်သန်းဌေး ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးကျော်ဇေမင်း ခေါင်းဆောင်သည့် အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု အောင်ဇေယျစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ အောင်ဇေယျစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ထွန်းမြတ်ရွှေ၊ တပ်ခွဲမှူး ဗိုလ်မှူးလေးမြတ် ခေါင်းဆောင်သည့် ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးအောင်ဇော်လတ် ခေါင်းဆောင်သည့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးဇော်မိုးခိုင် ခေါင်းဆောင်သည့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးသော်ဇင် ခေါင်းဆောင်သည့် တြိဂံဒေသတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)နှင့် တပ်ခွဲမှူး ဗိုလ်မှူးသောင်းထိုက်ဦး ခေါင်းဆောင်သည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ (၂)တို့မှ တပ်မတော်သားများက အောင်ဇေယျ စစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ထို့အတူ အလံအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးစိုးမိုးကျော် ခေါင်းဆောင်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများ ပါဝင်သော ဆင်ဖြူရှင်စစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်ဝင်းမြင့် ခေါင်းဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကို နေပြည်တော် စစ်ရေးပြကွင်းကြီး၌ ကျင်းပရာ ဝေဟင်မှ တွေ့မြင်ရစဉ်။ (သတင်းစဉ်)

စစ်ကြောင်းကြီးခုနစ်ကြောင်းဖြင့် စစ်ရေးပြကွင်းဆီသို့ စစ်ချီတေးများ သံပြိုင်သီဆိုချီတက် ပြည်သူများက ပြည်ထောင်စုအလံငယ်နှင့် တော်လှန်ရေးအလံငယ်များ ဝှေ့ယမ်း၍ ကြိုဆိုနှုတ်ဆက်

❖ စာမျက်နှာ ၇ မှ

ဗိုလ်မှူးကြီးနေဝင်း ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးရဲမျိုးသန့် ခေါင်းဆောင်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု ဆင်ဖြူရှင်စစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ဆင်ဖြူရှင်စစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ခင်မြင့်၊ တပ်ခွဲမှူး ဗိုလ်မှူး စိုးမိုးကျော် ခေါင်းဆောင်သည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူး ကြည်ထူး ခေါင်းဆောင်သည့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူး ထင်ဝင်းအောင် ခေါင်းဆောင်သည့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူး ရဲရင့်လွင် ခေါင်းဆောင်သည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ(၄)တို့မှ တပ်မတော်သားများက ဆင်ဖြူရှင်စစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ဗန္ဓုလစစ်ကြောင်း

အလားတူ အလံအဖွဲ့ခေါင်းဆောင် ဗိုလ်မှူး ကျော်သိန်းဦး ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ရေ၊လေ) အလံများပါဝင်သော ဗန္ဓုလစစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ ခေါင်းဆောင် တပ်ကြပ်ကြီး အောင်ဇော်လတ် ခေါင်းဆောင်သည့် ဗန္ဓုလစစ်ကြောင်းစစ်တီးဝိုင်းအဖွဲ့၊စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ချို ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူး ကိုကိုအောင် ခေါင်းဆောင်သည့် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု ဗန္ဓုလစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ဗန္ဓုလစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး စိုးမင်းသူ၊ တပ်ခွဲမှူး ဗိုလ်မှူး သိန်းနိုင် ခေါင်းဆောင်သည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူး မင်းညွှန့်ဦး ခေါင်းဆောင်သည့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသော စစ်သံမှူးများအား နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အနောက်တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူး ဇော်လတ်မင်း ခေါင်းဆောင်သည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ တပ်ခွဲမှူး ဗိုလ်မှူးစိုးတင့် ခေါင်းဆောင်သည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)တို့မှ တပ်မတော်သားများက ဗန္ဓုလစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ထို့အတူ အလံအဖွဲ့ခေါင်းဆောင် ရဲမှူး အောင်မိုးဦး ခေါင်းဆောင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ ကိုယ်စားပြု အလံများပါဝင်သော မြဝတီစစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ ခေါင်းဆောင် တပ်ကြပ်ကြီး ဇော်ဦး ခေါင်းဆောင်သည့် မြဝတီစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး အောင်ကျော်ဦး ဦးဆောင်ပြီး တပ်ခွဲမှူး ရဲမှူး မျိုးသူရနောင် ခေါင်းဆောင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု မြဝတီစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ မြဝတီစစ်ကြောင်း တပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီး ဇော်ဇော်အောင်၊ တပ်ခွဲမှူး လက်ထောက် ညွှန်ကြားရေးမှူး ရဲဗလမျိုးဝင်း ခေါင်းဆောင်သည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဒုတိယ တပ်ရင်းမှူး ဇော်နိုင်သန့် ခေါင်းဆောင်သည့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူး သော်တာထွေး ခေါင်းဆောင်သည့် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးနေမျိုးဝေ ခေါင်းဆောင်သည့် လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူး အောင်ကျော်မိုး ခေါင်းဆောင်သည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)တို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက မြဝတီစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ချီတက်

ထိုကဲ့သို့ စစ်ကြောင်းကြီး ခုနစ်ကြောင်း၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၃၀၈၇ ဦးတို့သည် စုရပ်စစ်ရေးပြကွင်းမှ စတင်၍ သတ်မှတ်အစီအစဉ်အတိုင်း တပ်ခွဲတစ်ခွဲနှင့် တစ်ခွဲ ပေ ၅၀ စီနှင့် စစ်ကြောင်းတစ်ကြောင်းနှင့် တစ်ကြောင်း ပေ ၁၀၀ စီခြားကာ စစ်ရေးပြကွင်းကြီးဆီသို့ ဇာတိသွေး၊ ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆိုကြကာ ချီတက်ကြသည်။

သောင်းသောင်းဖြဖြ

စစ်ကြောင်းကြီးများ ချီတက်ရာလမ်းတစ်လျှောက်၌ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးနှင့် ညွှန်ကြားရေးမှူးရုံးများမှ တပ်မတော်သားများနှင့် မိသားစုများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ စစ်ကြောင်းကြီးများတွင် ပါဝင်သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ မိသားစုများ၊ နေပြည်တော်တပ်နယ်မှ မိသားစုများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများက ပြည်ထောင်စုအလံငယ်နှင့် တော်လှန်ရေးအလံငယ်များ ဝှေ့ယမ်း၍လည်းကောင်း၊ အမွှေးနံ့သာများ ပက်ဖျန်း၍လည်းကောင်း၊ ပန်းကုံးများ စွပ်၍လည်းကောင်း၊ အောင်သပြေပန်းများ ကမ်းလှမ်း၍လည်းကောင်း၊ သောင်းသောင်းဖြဖြ ဝမ်းပန်းတသာ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော် အေးချမ်းသာ
(၆၃)နှစ်မြောက် တပ်မတော်နေ့

ယင်းသို့ စစ်ကြောင်းကြီးများ အလိုက် ဇာတိသွေး၊ ဇာတိမာန် တက်ကြွဖွယ်စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆို၍ ချီတက်လာကြသော အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ဗန္ဓုလစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့သည် အစီအစဉ်အတိုင်း စုရပ်စစ်ရေးပြကွင်းမှ စစ်ရေးပြကွင်းကြီးအတွင်းသို့ မုခ်ဦးဝင်ဂိတ်မှ ဝင်ရောက်နေရာယူကြကာ နံနက် ၇ နာရီ မိနစ် ၂၀ တွင် အသင့်နေရာယူပြီးဖြစ်သည်။

ရောက်ရှိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း လိုက်ပါလျက် ၂၀၀၈ ခုနှစ် (၆၃)နှစ်

၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား ကျင်းပသည့် နေပြည်တော်စစ်ရေးပြကွင်းကြီးသို့ စစ်ကြောင်းကြီးများ ဇာတိသွေးဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆိုကာ ချီတက်လာကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မော်တော်ယာဉ်ဖြင့် တပ်ကို စစ်ဆေးစဉ်။ (သတင်းစဉ်)

စစ်ချီတေးများ သံပြိုင်ဟစ်ကြွေး

၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကျင်းပသည့် နေပြည်တော် စစ်ရေးပြကွင်းကြီးသို့ စစ်ကြောင်းကြီးများ ဇာတိသွေး၊ ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေး သီဆိုကာ ချီတက်လာကြစဉ်။ (အပေါ်ပုံနှင့် ဝဲပုံ) (သတင်းစဉ်)

ယင်းသို့ စစ်ကြောင်းကြီးများ အလိုက် ဇာတိသွေး၊ ဇာတိမာန် တက်ကြွဖွယ်စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆို၍ ချီတက်လာကြသော အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ဗန္ဓုလစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့သည် အစီအစဉ်အတိုင်း စုရပ်စစ်ရေးပြကွင်းမှ စစ်ရေးပြကွင်းကြီးအတွင်းသို့ မုခ်ဦးဝင်ဂိတ်မှ ဝင်ရောက်နေရာယူကြကာ နံနက် ၇ နာရီ မိနစ် ၂၀ တွင် အသင့်နေရာယူပြီးဖြစ်သည်။

ရောက်ရှိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း လိုက်ပါလျက် ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကျင်းပရာ စစ်ရေးပြကွင်းကြီးသို့ နံနက် ၇ နာရီခွဲတွင် ရောက်ရှိလာရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ (၆၃)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက ခရီးဦးကြိုဆိုပြီး အခမ်းအနား ကျင်းပရာ စစ်ရေးပြကွင်းကြီး အတွင်းရှိ စင်မြင့်သို့ ကြိုဆိုခေါ်ဆောင်လာသည်။

တပ်ကိုအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စင်မြင့်ပေါ်၌ နေရာယူပြီးသည်နှင့် တစ်ပြိုင်နက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အလေးပြုကြပြီး စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်လှမင်းက တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား တပ်ကို အပ်သည်။

တပ်ကိုစစ်ဆေး

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မော်တော်ယာဉ်ဖြင့် တပ်ကို စစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဗဟိုစစ်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအား အလေးပြုကြပြီး စစ်ကြောင်းကြီးများမှ (ကြည်း၊ရေ၊လေ) တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက သစ္စာလေးချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းမြွက်ကြားသည်။

(ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းကို ရှေ့ဖုံးတွင် ဖော်ပြထားပါသည်။)

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်လှမင်းက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုရန် ခွင့်တောင်းခံသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်လှမင်း ဦးဆောင်သော စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြကာ စစ်ရေးပြကွင်းကြီး မုခ်ဦးဂိတ်မှ စုရပ်စစ်ရေးပြကွင်းသို့ စနစ်တကျပြန်လည်ချီတက် ထွက်ခွာသွားကြသည်။

ပြန်လည်ထွက်ခွာ

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာသွားကာ နံနက် ၈ နာရီ မိနစ် ၄၀တွင် ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈-၃-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်၏ ဥပ္ပာတသန္တိ ပါဠိတော်**
- ၇:၂၀ ၂။ နံနက်ခင်းသတင်း
- ၇:၄၀ ၃။ လက်ဆင့်ကမ်းပေးဂီတတေး
- ၇:၅၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၀ ၅။ **"နောက်မကျစေရအောင်" (မင်းသူ၊ကျော်ထူး၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)**
- ၈:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၃၀ ၇။ International News
- ၈:၄၅ ၈။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၉:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၂၀ ၃။ Practice In Reading
- ၄:၃၅ ၄။ တေးဂီတအစီအစဉ်
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ် (မြန်မာမှုပညာအထူးပြု) (မြန်မာမှုပညာ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၅:၁၀ ၇။ **"စက်မှုဖွံ့ဖြိုး တို့တိုင်းပြည်အကျိုး" (ဖြိုးငွေစိုး၊မိုးဒီ၊သဇင်၊နှင်းဆီ) (ဒါရိုက်တာ-တင်အောင်ရွှေ)**
- ၅:၃၀ ၈။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၄၅ ၉။ မြန်မာမှုပန်းဆယ်မျိုး (ပန်းတဉ်း)
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လေဒီယာနှင့် ဆုံစည်းခြင်း" (အပိုင်း-၁၉)**
- ၇:၅၀ ၁၄။ ပြည်သူ့အတွက်တပ်မတော်
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ မြန်မာသံစဉ်ဂန္ထဝင်တေးများ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝဆက်တိုင်း" (အပိုင်း-၁၂)**
- ၂၀။ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၃-၂၀၀၈(သောကြာနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	"အာနာပါနာသတိ"တရားတော် (ဆရာတော် ဓမ္မဒူတအရှင်ဉာဏာဝုဓ)
၈:၀၀-၂:၀၀	(၃၃)ကြိမ်မြောက် နိကာယ်သာသနာတော်ထွန်းကားရေး အသင်းစာအောင်ထူးချွန်ဘွဲ့ရအရှင်မြတ်တို့အား ပူဇော်ပွဲ
၈:၂၀-၂:၂၀	တေးဂီတအစီအစဉ်
၈:၂၅-၂:၂၅	Myanmar Video Rhythm
၈:၅၀-၂:၅၀	အနာဂတ်ဆံကေသာများအတွက်
၉:၀၅-၃:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅-၃:၁၅	တေးဂီတအစီအစဉ်
၉:၂၀-၃:၂၀	ယနေ့သိပ္ပံနှင့် နည်းပညာ
၉:၃၅-၃:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၀-၃:၄၀	တေးဂီတအစီအစဉ်
၉:၄၅-၃:၄၅	တိကျသက်သာ တက္ကစီမီတာ
၁၀:၀၀-၄:၀၀	မိုးလေဝသခန့်မှန်းချက်
၁၀:၀၅-၄:၀၅	Art Vision (The 2nd Grand Art Stream Family Art Exhibition)
၁၀:၂၀-၄:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅-၄:၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၃၅-၄:၃၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁:၀၅-၅:၀၅	စားချင်စဖွယ် နည်းအသွယ်သွယ် (မန္တလေးခိုတောင်မုန့်တီပြုလုပ်နည်း)
၁၁:၂၀-၅:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၅-၅:၂၅	တေးဂီတအစီအစဉ်
၁၁:၃၀-၅:၃၀	သစ်သီးဝလံပေါပြည့်ဝေဆာတို့မြေမှာ (စိမ်းချိုသရက်သီး)
၁၁:၄၀-၅:၄၀	လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား
၁၂:၀၀-၆:၀၀	တေးဂီတအစီအစဉ်
၁၂:၀၅-၆:၀၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ **"ရောင်ပြန်ဟပ်"**
၁၂:၃၅-၆:၃၅	VJ Choice
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

(၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်ရာလမ်းတစ်လျှောက်မှ ပြည်သူများက ဝမ်းပန်းတသာကြိုဆို

၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် နေပြည်တော်စစ်ရေးပြကွင်းကြီးသို့ စစ်ကြောင်းကြီးများ ဇာတိသွေးဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေး သီဆိုကာ ချီတက်လာကြစဉ်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပသည့် နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီး၌ ရောင်စုံမီးများ ထွန်းညှိထားစဉ်။ (အပေါ်ပုံများ) (သတင်းစဉ်)

ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆို

၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့်နေပြည်တော် စစ်ရေးပြကွင်းကြီးသို့ ချီတက်လာကြသော စစ်ကြောင်းကြီးများမှ တပ်မတော်သားများအား ထောင်ပေါင်းများစွာသောပြည်သူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာန အသီးသီးတို့မှ အရာထမ်း၊ အမှုထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များမှ အသင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင် မိသားစုများ၊ သူနာပြုများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုကြစဉ်။

(အပေါ်ပုံနှင့် ဝဲပုံများ)

(သတင်းစဉ်)

ရေနံမှောင်ခိုများကို တိုက်ဖျက်မည်ဟု အီရတ်ဝန်ကြီးချုပ် သန္နိဋ္ဌာန်ချ

ဘဂ္ဂဒက် မတ် ၂၆

အီရတ်နိုင်ငံ ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီသည် နိုင်ငံ၏တောင်ပိုင်း အဓိကရေနံထွက်ရှိရာ ဘာဆရာမြို့သို့ မတ် ၂၄ရက်က သွားရောက်ခဲ့သည်။ မငြိမ်မသက်ဖြစ်နေသည့် ထိုမြို့ကို အီရတ်အစိုးရ အနေဖြင့် အပြည့်အဝ ထိန်းချုပ်နိုင်ရန် ရည်ရွယ်၍ လုံခြုံရေး လုပ်ငန်းများ ပြန်လည်သုံးသပ်ရန် သွားရောက်ခြင်းဖြစ်သည်။

အီရတ်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည်သာမက ပင်လယ်ကွေ့သို့သွားရာလမ်းပေါ်တွင် တည်ရှိသောဘာဆရာ အရပ်သည် နိုင်ငံ၏ အရေးပါသော ရေနံတွင်း တည်ရှိရာဒေသဖြစ်သည်။ ထိုရေနံမြေကို စိုးမိုးရန် ရှီးယိုက်နှင့် ရာဇဝတ်ဂိုဏ်းများသည် အားပြိုင်တိုက်ခိုက်လျက်ရှိသည်။ ရေနံတွင်းများသည် အီရတ်အစိုးရ၏ ဘဏ္ဍာငွေရရှိရာ အရင်းအမြစ်လည်း ဖြစ်သည်။

ဘာဆရာမြို့တွင် စစ်ဆင်ရေးနှင့် အခြေအနေလေ့လာရေး ခရီးစဉ်၌ မာလီကီနှင့်အတူ အီရတ် ပြည်ထဲရေးနှင့် ကာကွယ်ရေးဝန်ကြီးတို့ လိုက်ပါသွားကြောင်း အစိုးရ ပြောရေးဆိုခွင့်ရှိသူ အာလီအယ်လ်ဒါဘတ်ချ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၃၇) နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြ အခမ်းအနားတွင် နယ်ခြားစောင့်တပ်များ ပါဝင်ဆင်နွှဲကြသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံတောင်ပိုင်း မာမွတ်ဒီယာနယ်တွင် အမေရိကန်တပ်များ၏ တိုက်ခိုက်မှုကို ဆန့်ကျင်သော မိုတာဒါအယ်လ်ဆာဒါကို ထောက်ခံသည့် ရှီးယိုက်ပြည်သူများ ဆန္ဒပြနေကြသည်ကို မတ် ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျာမနီတွင် လူထောင်ပေါင်းများစွာ စစ်ဆန့်ကျင်ရေးဆန္ဒပြ

ဘာလင် မတ် ၂၆

အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံ စစ်ပွဲများကို ဆန့်ကျင်သည့်အနေဖြင့် ဂျာမနီနိုင်ငံတွင် စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများကို ယနေ့ ဆက်လက်ပြုလုပ်ရာ လူ ၁၀၀၀၀ ကျော် ပါဝင်ခဲ့ကြသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ဂျာမနီတပ်ဖွဲ့များ ဖြန့်ကြက်ထားမှုနှင့် အီရတ်နိုင်ငံတွင် အမေရိကန် ဦးဆောင်သော စစ်ပွဲအား ဆန့်ကျင်သည့် အနေဖြင့် ယခုနှစ် အီစတာပွဲတော် အထိမ်းအမှတ်အဖြစ် ချီတက်ပွဲကို မတ် ၂၁ ရက်က စတင်ပြုလုပ်ခဲ့သည်။

စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲကို ဂျာမနီနိုင်ငံ မြို့ကြီး ၇၀ကျော်တွင် ပြုလုပ်ရာ လူ ၁၀၀၀၀ ကျော် ပါဝင်ခဲ့ကြသည်။

ဘာလင်မြို့တွင် ဆန္ဒပြသူ ၄၀၀၀ခန့်သည် မတ် ၂၄ ရက်က မြို့လယ်ကောင်သို့ ချီတက်ပြီး အာဖဂန်နစ္စတန်နိုင်ငံမှ ဂျာမန်တပ်ဖွဲ့များ ရုပ်သိမ်းရေးအတွက် တောင်းဆိုခဲ့ကြသည်။

စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲကို အခြားမြို့ကြီးများ ဖြစ်သော ဖရန့်ဖတ်၊ ဟမ်းဘတ်နှင့် ဒေါ့မန့်မြို့တို့တွင်လည်း ပြုလုပ်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘရာဇီးနှင့်အိန္ဒိယ ကုန်သွယ်မှုပမာဏတိုးတက်

ဘရာဆီးလီးယား မတ် ၂၆

ဘရာဇီးနှင့် အိန္ဒိယနိုင်ငံအကြား ၂၀၀၇ ခုနှစ်၌ ကုန်သွယ်မှုပမာဏ စုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၂ ဘီလီယံဖြစ်ကြောင်း၊ ယခင်နှစ်ကထက် ၂၉ ဒသမ၄ ရာခိုင်နှုန်း တိုးတက်လာကြောင်း ဘရာဇီးနိုင်ငံစက်မှုနှင့် နိုင်ငံခြားကုန်သွယ်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ပြောကြားသည်။

တစ်ဟုန်ထိုးတိုးတက်

ယင်းဝန်ကြီးဌာန၏ ထုတ်ပြန်သည့် ကိန်းဂဏန်းအရ လွန်ခဲ့သည့်နှစ်က ဘရာဇီးနိုင်ငံ၏ ပြည်ပပို့ ကုန်သည် အိန္ဒိယနိုင်ငံသို့ ၂ ရာခိုင်နှုန်းမျှသာ တိုး၍ တင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအမေရိကန်ဒေါ်လာ ၉၅၇ ဒသမ ၉ သန်းရှိခဲ့သည်။ သို့သော်ဘရာဇီးနိုင်ငံမှ ပြန်လည်ဝယ်ယူတင်သွင်းသော ပမာဏသည် ၄၆ ဒသမ ၉ ရာခိုင်နှုန်း တိုးလာပြီး တန်ဖိုးမှာအမေရိကန်ဒေါ်လာ ၂ ဒသမ ၁၆ ဘီလီယံသို့ တစ်ဟုန်ထိုး တိုးတက်လာသည်။

တင်ပို့

ဘရာဇီးနိုင်ငံက အိန္ဒိယနိုင်ငံသို့ ရေနံနှင့်ဓာတု ထုတ်ကုန်များ၊ ဆဲလ်ဖုန်းများ၊ ကြေးနီနှင့်အမဲသား၊အခြားပစ္စည်းများတင်ပို့ပြီး အိန္ဒိယနိုင်ငံမှ လောင်စာဆီ၊ ကျောက်မျက်ရတနာ၊ ဆန်နှင့် မော်တော်ယာဉ် အပိုပစ္စည်းများကို ဘရာဇီးနိုင်ငံသို့ တင်သွင်းခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

စင်ကာပူကုန်တိုက် ဓာတ်ငွေ့ယိုစိမ့်မှုဖြစ် ၁၈ ဦးဆေးရုံတင်ရ

စင်ကာပူ မတ် ၂၆

စင်ကာပူနိုင်ငံရှိ ကုန်တိုက်တစ်ခုတွင် မတ် ၂၄ ရက်က ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားရာ အသက်ရှူကျပ်သည့်ဝေဒနာခံစားနေရသူ ၁၈ ဦးကို ဆေးရုံသို့ တင်ပို့ခဲ့ရကြောင်း တာဝန်ရှိသူက ပြောကြားသည်။

စင်ကာပူနိုင်ငံ အလယ်ပိုင်း ဂိုးလ်ဒင်းလန်မတ်ခ် ကွန်ပလက် အဆောက်အအုံတွင် ဓာတ်ငွေ့ယိုစိမ့်မှု ဖြစ်ပွားခြင်းဖြစ်သည်။ အဆိုပါဓာတ်ငွေ့ယိုစိမ့်မှုသည် လုပ်ကြံခြင်း သို့မဟုတ် မတော်တဆဖြစ်ခြင်း စသည့်ထင်မြင်ချက်များကို သက်ဆိုင်ရာက ငြင်းဆိုထားပြီး ဆက်လက်စုံစမ်းလျက်ရှိကြောင်း ရိုက်တာသတင်း၌ ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

အီဂျစ်ရေယာဉ်ကို အမေရိကန်စစ်သင်္ဘောပစ်ခတ် တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

အစ်မိုင်လီယာ (အီဂျစ်) မတ် ၂၆

စူးအက်ပင်လယ်အော်တွင် မတ် ၂၄ ရက်က အီဂျစ်ရေယာဉ်တစ်စင်းကို အမေရိကန်စစ်သင်္ဘောတစ်စင်းက ပစ်ခတ်ခဲ့ရာ အီဂျစ်နိုင်ငံသားတစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း အီဂျစ်လုံခြုံရေးတပ်ဖွဲ့နှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အမေရိကန်စစ်သင်္ဘောဂလိုဘယ်ပါထရီရော့ဒ်သင်္ဘောက အီဂျစ်စက်တပ်မော်တော်အား ရေလမ်းကြောင်းပြောင်းပေးရန် ပြောကြားသည်ကို မလိုက်နာသဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။ အီဂျစ်မော်တော်ပေါ်တွင် စူးအက်ရေလမ်းကြောင်းအတွင်း ဖြတ်သန်းသွားသော သင်္ဘောများကို ရောင်းချမည့် ကုန်ပစ္စည်းတင်ဆောင်လာသည်။ စစ်သင်္ဘော သည် စူးအက်တူးမြောင်းကို ဖြတ်သန်းကာ ပင်လယ်ကွေ့သို့ ဦးတည်ခုတ်မောင်း နေခြင်းဖြစ်သည်။ အမေရိကန်သင်္ဘောသည် ပင်လယ်နီမှ မြေထဲပင်လယ်သို့သွားရန် စူးအက်တူးမြောင်းကို ဖြတ်သန်းရန် စောင့်ဆိုင်းနေစဉ် ယခုကဲ့သို့ ပစ်ခတ်မှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သတင်း၌ ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

အီဂျစ်နိုင်ငံ စူးအက်တူးမြောင်း အဝင်လမ်းအနီး၌ အီဂျစ်ရေယာဉ်ငယ်က ချဉ်းကပ်လာသဖြင့် ခြောက်လှန့် ပစ်ခတ်ခဲ့သည်ဆိုသော အမေရိကန်ရေတပ်မှ ထောက်ပံ့ရေးသင်္ဘောကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်လုပ် လေဆာသုံးဒုံးခွင်းလက်နက် အစ္စရေးက မဝယ်ရန်ဆုံးဖြတ်

ဂျေရုဆလင် မတ် ၂၆

ဟားမတ်စ်အုပ်စုက ထိန်းချုပ်နေသည့် ဂါဇာကမ်းမြောင်နှင့် ထိစပ်နေသည့် နယ်စပ်အတွက် အမေရိကန်လုပ် ရော့ကက်ဒုံးခွင်း လေဆာလက်နက်အား ဝယ်ယူခြင်းမပြုရန် အစ္စရေးက ဆုံးဖြတ်ကြောင်း၊အဘယ်ကြောင့်ဆိုသော်အဆိုပါ လက်နက်များကို စမ်းသပ်ပစ်ခတ်ရာတွင် ချို့ယွင်းချက်ရှိနေသောကြောင့် ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက တနင်္လာနေ့တွင်ပြောကြားသည်။

အစ္စရေးနိုင်ငံမှ အစိုးရလက်နက်ကုမ္ပဏီရေဖယ်က ဂါဇာရှိ ပါလက်စတိုင်းများက ပစ်ခတ်သည့် ရော့ကက်ဒုံးများကိုပစ်ချရန်ဒုံးကျည်များထုတ်လုပ်လျက်ရှိသည်။ သို့ရာတွင် ယင်းလက်နက်သည် ၂၀၁၀ပြည့်နှစ် မတိုင်မီထိ အသုံးပြုနိုင်ဖွယ် မရှိသေးပေ။

ယင်းဟာကွက်ကို ဖြည့်ဆည်းရန်အတွက် အစ္စရေး ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ပင်ချာဘူကရစ်သည် နော်တီလပ်စ်ဒုံးကျည်ရရှိရန် အမေရိကန်သို့ သွားရောက်ခဲ့သည်။ ယင်းဒုံးကျည်သည် အမေရိကန်နှင့် အစ္စရေးတို့ ပူးတွဲတီထွင်ထုတ်လုပ်သည့် ဒုံးကျည်ဖြစ်သည်။ ယင်းလက်နက်က လေဆာသုံးလက်နက်ဖြစ်ပြီး ရော့ကက်ဒုံးကျည်နှင့် စိန်ပြောင်းကျည်များကို လေထဲတွင် ဖောက်ခွဲပစ်နိုင်သည်။

ယင်းဒုံးလက်နက်ဖြင့် အစ္စရေးတို့၏ ဆီဒါရော့မြို့ကို အကာအကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ယင်းမြို့သည် ဂါဇာကမ်းမြောင်မှရော့ကက်ဒုံးဖြင့်မကြာခဏ အပစ်ခံရသည့်မြို့ဖြစ်ကြောင်း ဘူကရစ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

လူနာ ၂၅၀၀၀၏ မှတ်တမ်းပါရှိသော လက်ဆွဲကွန်ပျူတာ တစ်လုံးအခိုးခံရ

ဝါရှင်တန် မတ် ၂၆

အမျိုးသားကျန်းမာရေးသိပ္ပံမှ လေ့လာနေသည့် လူနာ ၂၅၀၀၀၏ ဆေးပညာအချက်အလက်ထည့်သွင်းထားသော အမေရိကန်အစိုးရ လက်ဆွဲကွန်ပျူတာတစ်လုံးအား ဖေဖော်ဝါရီလတွင် အခိုးခံရကြောင်း တနင်္လာနေ့ထုတ် ဝါရှင်တန်ပို့စ်သတင်းစာက ရေးသားသည်။

အမျိုးသားကျန်းမာရေးသိပ္ပံကျောင်းတစ်ခုဖြစ်သော အမျိုးသားနှလုံး၊ အဆုတ်နှင့် သွေးသိပ္ပံ (အင်အိပ် အယ်လ်ဘီအိုင်)က အသုံးပြုသည့် သော့ခတ်ထားသော သုတေသနယာဉ်အတွင်းမှ ၎င်းလက်ဆွဲကွန်ပျူတာကို ခိုးယူခံရခြင်းဖြစ်သည်။

သို့သော်လည်း အင်အိပ်အယ်လ်ဘီအိုင်မှ တာဝန်ရှိသူများသည် တစ်လနီးပါးအကြာ ကြာသပတေးနေ့ထိတိုင်အောင် လူနာများအား ထိုကိစ္စကို အသိပေးအကြောင်းကြားခြင်း မရှိဟုဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗီယက်နမ်အလယ်ပိုင်း၌ ကျွဲ၊ နွားများ ကူးစက်ရောဂါ ဖြစ်ပွား

ဟန္နိုင်း မတ် ၂၆

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ဟာတင်ချ်ပြည်နယ်ရှိ မွေးမြူရေးတိရစ္ဆာန်များ၌ ကူးစက်တတ်သော ခွာနာ လျှာနာရောဂါဖြစ်ပွားနေကြောင်း တနင်္လာနေ့ထုတ် နယ်ယူးဟန္နိုင်းသတင်းစာက ရေးသားဖော်ပြထားသည်။ ယင်းပြည်နယ်တွင် မတ် ၁၆ ရက်မှ ၁၉ ရက်အတွင်း နွားခြောက်ကောင် ၎င်းရောဂါဖြစ်ပွားခဲ့ကြောင်း တိရစ္ဆာန်ကျန်းမာရေးဌာန၏ ပြောကြားချက်ကို သတင်းစာက ကိုးကားဖော်ပြသည်။ပြည်နယ်တိရစ္ဆာန်ဆေးကုသရေးဗျူရိုက ရောဂါကူးစက်ခံနေရသော ကျွဲနွားတိရစ္ဆာန်အားလုံးကို သုတ်သင်ခဲ့သည်။ ဗီယက်နမ်နိုင်ငံ၏ မွေးမြူရေးဖွံ့ဖြိုးမှုအစီအစဉ်အရ ၂၀၁၀ ပြည့်နှစ်တွင် ဝက်ကောင်ရေ သန်း ၄၀၊ နွားကောင်ရေ ၆ ဒသမ ၇ သန်းနှင့် ကျွဲကောင်ရေ ၂ ဒသမ ၈ သန်းမှ သုံးသန်းအထိ မွေးမြူရန် စီမံကိန်းချထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

၂၀၀၈ခုနှစ် ပထမပြန်စာမေးပွဲများသို့ သံဃာတော်များ ဝင်ရောက်ဖြေဆို

နေပြည်တော် မတ် ၂၇

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ ၂၀၀၈ခုနှစ် ပထမပြန်စာမေးပွဲများကို ပထမဆင့်အနေဖြင့် မတ် ၂၄ ရက်မှ ၃၁ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ [စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း)၊ ပဲခူးတိုင်း (အရှေ့ပိုင်း)၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း]တို့ရှိ စာဖြေဌာန ၁၇၂ ဌာနတို့၌ ကျင်းပလျက်ရှိရာ မတ် ၂၆ ရက်တွင် ပထမငယ်တန်း၌ ၁၅၀၂၈ပါး၊ ပထမလတ်တန်း၌ ၁၂၀၉၅ပါးနှင့် ပထမကြီးတန်း၌ ၁၁၂၄၇ပါး စုစုပေါင်း ၃၈၃၇၀ ပါး ဝင်ရောက် ဖြေဆိုလျက်ရှိသည်။

ဒုတိယဆင့်အနေဖြင့် ကျန်ပြည်နယ်နှင့်တိုင်း ၁၀ ခုဖြစ်သည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့ရှိ စာဖြေဌာန ၆၅ ဌာနတို့တွင် ဧပြီ ၂ ရက်မှ ၉ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ပထမပြန်စာမေးပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ် ပထမပြန်ဖြေဆိုစာရင်း

(မတ် ၂၆)

စဉ်	ပြည်နယ်/တိုင်း	ဖြေဆိုစာရင်း			စုစုပေါင်း	မှတ်ချက်
		ပထမငယ်	ပထမလတ်	ပထမကြီး		
၁။	စစ်ကိုင်း	၂၄၃၄	၂၁၀၅	၂၀၁၂	၆၅၅၁	
၂။	ပဲခူး(အနောက်)	၆၃၈	၅၅၉	၄၆၉	၁၆၆၆	
၃။	ပဲခူး(အရှေ့)	၁၀၈၀	၉၄၆	၇၆၃	၂၇၈၉	
၄။	မကွေး	၁၀၇၆	၇၁၂	၅၂၄	၂၃၁၂	
၅။	မန္တလေး	၄၁၀၁	၃၆၉၉	၃၆၀၄	၁၁၄၀၄	
၆။	ရန်ကုန်	၃၆၆၅	၂၅၉၁	၂၆၁၈	၈၈၇၄	
၇။	ဧရာဝတီ	၂၀၃၄	၁၄၈၃	၁၂၅၇	၄၇၇၄	
	စုစုပေါင်း	၁၅၀၂၈	၁၂၀၉၅	၁၁၂၄၇	၃၈၃၇၀	

ဆင်ဖြူတောင်စာသင်တိုက် ဓမ္မသဘင်

ရန်ကုန် မတ် ၂၇

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် (၁၃) ရပ်ကွက် ကျန်စစ်သားလမ်း တိပိဋက မဟာဂန္ဓဝင် နိကာယ် ကျောင်းတိုက်၏ ပဓာန နာယက ဖြစ်တော်မူသော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ပါဠိပါရဂူ၊ အဂ္ဂမဟာ အကျော်၊ ရေစကြို ဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၏ သက်တော် (၅၃)နှစ်ပြည့် ဝိဇာတ မင်္ဂလာတွင် သာကေတမြို့နယ် ဆင်ဖြူတောင် ပရိယတ္တိစာသင်တိုက်၏ ပဓာန နာယက ဆင်ဖြူတောင် ဆရာတော် အရှင်ဂုဏိန္ဒ က မတ် ၂၉ ရက် (စနေနေ့) ည ၇ နာရီခွဲတွင် တိပိဋက မဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက် အတွင်းရှိ တိပိဋကဓမ္မဗိမာန်တော်၌ တရားတော်များ ဟောကြားလျက် ဓမ္မပူဇာအဖြစ် ပါဝင်ပူဇော်မည်ဖြစ်သည်။ (က-ပ)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

(၆၃)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲ ရဟန်းရှင်လူပြည်သူ၊ ကျောင်းသား၊ ကျောင်းသူများ ကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၂၇

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲကို ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်၌ ပြသရာ ရဟန်းရှင်လူပြည်သူ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၇၀၀ ခန့် လာရောက်ကြည့်ရှုလေ့လာကြသည်။

(၆၃)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပြပွဲတွင် ဝန်ကြီးဌာနပြခန်းများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)ပြခန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ပြခန်း၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်ရုံးပြခန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံး ပြခန်းများ၊ တိုင်းစစ်ဌာနချုပ်ပြခန်းများ၊ နိုင်ငံတော် ဦးတည်ချက် (၁၂)ရပ်ပြခန်း၊ ဝန်ကြီးဌာန အသီးသီး၏ တိုင်းကျိုးပြည်ပြုပြည်သူ့ အကျိုးပြုလုပ်ငန်းများ ပြခန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပြခန်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီပြခန်း၊ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၏ တပ်မတော်သမိုင်းပြခန်း စသည်တို့တွင် ဓာတ်ပုံ၊ ပန်းချီ၊ ရုပ်ပုံကားချပ်များဖြင့် ဝေဝေဆာဆာ ခင်းကျင်းပြသထားသည်။

အခမဲ့

အဆိုပါပြပွဲကို ယနေ့မှ ဧပြီ ၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပြသသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ ဝင်ရောက် ကြည့်ရှုလေ့လာနိုင်သည်။ (သတင်းစဉ်)

The LIVE NEWS ဂျာနယ်အမှတ် (၇၇) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၂၇

နိုင်ငံတကာသတင်းများနှင့် ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံး ဖော်ပြထုတ်ဝေလျက်ရှိသည့် The LIVE NEWS ဂျာနယ်အမှတ် (၇၇)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာနိုင်ငံ၏ ၂၀၉ခုမြောက် ရေလှောင်တမံကြီးဖွင့်လှစ်နိုင်၊ ကိုယ့်ကိုယ်ကိုစာရေးဆရာလို့မခံယူဘူးဆိုတဲ့ အဆိုတော် စာရေးဆရာမရွှေထိုက်၊ ထူးဆန်းသည့်အုန်းလက်အမြွှာ၊ တော်ဝင်မင်္ဂဇင်းမှ ဦးတင့်ဆွေ၊ အလွယ်တကူ မလဲလှယ်သင့်သောအရာ၊ လမ်းပေါ်က အတွေးများ (၁၁) မိုးပျံလမ်းပေါ်ကကား၊ ရန်ကုန်တက္ကသိုလ်ကို အကြောင်းပြုတဲ့ တက္ကသိုလ်ရိပ်သာလမ်း၊ (University Avenue Road)၊ ကျွန်တော်ခေတ္တရာ အမှတ် (၅)အထက ကျောင်းသား၊ အစဉ်အလာအရည်အသွေးနှင့် တပ်မတော်များ၊ အမေရိကန် ဒုံးပျံကာကွယ်ရေးအစီအစဉ် ရုရှားလက်မခံနိုင်သေး၊ သွေးခင်းလမ်းကိုဆိုဗီ၊ ကွန်ဒိုလီဇာရိုက်စ်ရဲ့ အသွားမတော်တစ်လှမ်း၊ တောင်အမေရိကခရီးစဉ်၊ အကြမ်းဖက် ခေါင်းဆောင်တစ်ဦး စင်ကာပူတွင် ခိုအောင်းလျက်ရှိ၊ မေထုန်မဲ့နည်းဖြင့် သုံးမြွှာပူးကလေးမွေးဖွား၊ တက္ကစီမင်းနှင့် ဥစ္စာစောင့်မလေး၊ ကိုရီးယား ရုပ်ရှင်ကြိုတင်ဇာတ်လမ်းများ စသည့်သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဆင်ဖြူကျွန်းအောင်သိန်း၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ဦးကို၊ ကိုကိုလှိုင်၊ မောင်မြတ်မွန် (ဆူးလေ)၊ သက္က(ခေတ္တရာ)၊ သစ်လွင်မိုး၊ မောင်နေလင်း၊ ဆြာစန်းနှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများ ဝေဝေဆာဆာ တင်ဆက်ထားသည်။

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ်နှင့် လစဉ်ထုတ် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေး ကိစ္စဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀)၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း(၀၀၄)၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ သင်္ကြန်တရားစခန်း

ရန်ကုန် မတ် ၂၇

မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမီးရထားရပ်ကွက် ဗိုလ်မင်းရောင်လမ်း သိမ်ဖြူတိုက် မိုးကုတ်ဓမ္မမဂ္ဂင်ကျောင်းတော်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မိုးကုတ်ဝိပဿနာ အလုပ်ပေးတရားစခန်းကို ကမ္မဋ္ဌာနာစရိယ ဆရာတော်များဖြစ်ကြသော ရွှေမန်းဦးသူရိယ (မဟာကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက၊ ဗဟုဇနဟိတဓရ (ပြည်တွင်း၊ ပြည်ပသာသနာပြု)နှင့် ဦးဇယဒိသ (ဥပဒေဝိဇ္ဇာ)တို့က ဧပြီ၁၀ရက်မှ ၁၆ရက်အထိ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် သစ္စာတရားများ ဟောကြားပြသမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး ဧပြီ ၉ ရက် ညနေအရောက် အိပ်ရာလိပ်နှင့် မှတ်ပုံတင်ပါယူဆောင်လာကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်းများကို ဖုန်း-၃၈၀၃၈၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ရွှေမန်းဦးသောဘိတ တရားပွဲ

ရန်ကုန် မတ် ၂၇

ရန်ကုန် အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် (၁၀)တောင်၊ (၁၁)ရပ်ကွက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာနှင့် (၄၉) အဝါရောင်ကားဂိတ်အနီး ကန်ဦးကျောင်းတိုက်၏ ပဓာနနာယက နိုင်ငံကျော် ဓမ္မကထိက ရွှေမန်းဦးသောဘိတသည် မတ် ၂၉ ရက် ည ၆ နာရီခွဲမှစ၍ ဒေါပုံမြို့နယ် ကြည်စုရပ်ကွက် သန္တိသုခဓမ္မာရုံ ဆွမ်းအောင်ပွဲ ဓမ္မသဘင်၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

မဟာစည်ဆရာတော်ကြီး၏ တစ်ဘဝသာသနာ ရေးသားရန်စီစဉ်လျက်ရှိ

ရန်ကုန် မတ် ၂၇

ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ တစ်ဘဝသာသနာ ထေရုပ္ပတ္တိကထာကို မဟာစည် သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ တာဝန်ပေးချက်အရ ဆရာကျော်နန္ဒအောင် (ဝိပဿနာရှုနည်းများ ပူဇော်သူ)က ရေးသားပြုစုရန် စီစဉ်လျက်ရှိပါ၍ ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများနှင့် ဆက်နွယ်သော ဓာတ်ပုံ၊ စာရွက်စာတမ်း၊ မှတ်တမ်းမှတ်ရာနှင့် တိပ်ခွေများကို ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ် ၁၆ တွင် တည်ရှိသော ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ် ဖုန်း-၅၄၅၉၁၈၊ ၅၄၁၉၇၁၊ ဖက်စ်-၂၈၉၉၆၀၊ ၂၈၉၉၆၁၊ သံကြိုးလိပ်၊ မဟာစည်၊ Email-Mahasi-Ygn @ mptmail.net.mm Website-www. mahasi. org.mmသို့ ဆက်သွယ်ပေးပို့ ငှားရမ်းလှူဒါန်းတော်မူကြပါရန် ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်က နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

လူသုံးဆေးဝါးများရောင်းဝယ်ဖြန့်ဖြူးလျက်ရှိသည့်ကုမ္ပဏီမှ အောက်ဖော်ပြပါ ရာထူးများအတွက် အရည်အသွေးပြည့်စုံသူများအား ခန့်ထားရန် လိုအပ်လျက်ရှိပါသည်။
ခန့်ထားခြင်းခံရပါက ထိုက်တန်သောလစာအပြင် ကော်မရှင်၊ ဆုကြေးစသော ခံစားခွင့်များရရှိမည်ဖြစ်သည်။

၁။ **ဝန်ထမ်းရေးရာမန်နေဂျာ (Human Resources Manager)** ကျား/မ(၁)ဦး
- အသက် (၃၅)နှစ်အထက်
- ဘွဲ့ရရှိပြီးလုပ်ငန်းနှင့်သက်ဆိုင်သော ပညာအရည်အချင်းရှိသူဦးစားပေးမည်။ HR လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိပြီးလုပ်ငန်းကြီးများတွင်လုပ်ကိုင်ခဲ့ဖူးသူဖြစ်ရမည်။ ရာထူးခန့်ထားခြင်း ဝန်ထမ်းများ၏ အရည်အသွေးမြင့်မားရေး တို့ကိုဖော်ဆောင် ပေးနိုင်သူဖြစ်ရမည်။ မန်နေဂျင်း ဒါရိုက်တာ၊ဒါရိုက်တာသို့ တာဝန်ခံရမည်ဖြစ်သည်။

၂။ **Admin Manager** (နယ်ရုံးခွဲ) ကျား (၂) ဦး
- အသက်(၃၀)နှစ်အထက်ဖြစ်ရမည်။ဘွဲ့ရစီမံခန့်ခွဲမှုဘွဲ့(သို့)ဒီပလိုမာရရှိသူကိုဦးစားပေးမည်။ ရုံးလုပ်ငန်း၊စတိုလုပ်ငန်း၊မော်တော်ယာဉ်နှင့် ပတ်သက်သည့်ကြီးကြပ်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရမည်။ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။ဝန်ထမ်းစီမံရေးရာနှင့်အထွေထွေစီမံရေးရာကိစ္စများကို ကျွမ်းကျင်စွာကိုင်တွယ်ဆောင်ရွက်နိုင်ရမည်။ မြန်မာနိုင်ငံအတွင်းရှိ နယ်မြို့ကြီးများတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ကုန်ပစ္စည်းပို့ဆောင်ဖြန့်ချိလုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ နေထိုင်ရေးအတွက် ကုမ္ပဏီမှစီစဉ်ပေးမည်။

၃။ **Sales Manager** ကျား (၁) ဦး
- ဘွဲ့ရ၊ ဆေးဝါးရောင်းချခြင်း (သို့) လူသုံးကုန်ပစ္စည်းရောင်းဝယ်ခြင်း လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။ မြန်မာနိုင်ငံအတွင်းရှိ နယ်မြို့ကြီးများတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ နေထိုင်ရေးအတွက် ကုမ္ပဏီမှစီစဉ်ပေးမည်။ ခရီးသွားလာနိုင်ရမည်။

၄။ **Auditor** ကျား/မ (၃) ဦး
- **B.Com,DA,LCCI (Level III)**အောင်မြင်သူဖြစ်ပြီး၊
ငွေစာရင်း၊ ကုန်ပစ္စည်းစာရင်းစစ်ဆေးခြင်း လုပ်ငန်းအတွေ့အကြုံရှိရမည်။
နယ်ရုံးခွဲစာရင်းများအား တာဝန်ခံစစ်ဆေးနိုင်ရမည်။
- Computer ကျွမ်းကျင်ရမည်။

၅။ **Accountant** (နယ်ရုံးခွဲ) ကျား/မ (၃)ဦး
- **B.Com, DA, LCCI III**၊ လုပ်ငန်းအတွေ့အကြုံရှိရမည်။ **Computer** ကျွမ်းကျင်ရမည်။
- ရုံးခွဲတစ်ခုလုံးစာရင်းဇယားများကို ဆောင်ရွက်နိုင်ရမည်။
- နယ်ရုံးခွဲများတွင်သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

၆။ **သိုလှောင်ရုံမှူး/လက်ထောက်သိုလှောင်ရုံမှူး** ကျား (၃) ဦး
- ဘွဲ့ရ၊ စတိုစာရင်းထိန်းသိမ်းနည်းနားလည်တတ်ကျွမ်းရမည်။
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁)နှစ်၊ ပစ္စည်းအဝင်အထွက်များကို တာဝန်ယူဆောင်ရွက်ရမည်။

၇။ **မော်တော်ယာဉ်မှူး** ကျား (၁) ဦး
- ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်၊ [အသက်(၃၀)မှ (၄၅)နှစ်]
- မော်တော်ယာဉ်နှင့်ပတ်သက်သည့် စက်ပိုင်းဆိုင်ရာအစိတ်အပိုင်းများ နားလည်ကျွမ်းကျင်ရမည်။
- ယာဉ်မောင်းများအား အုပ်ချုပ်ကွပ်ကဲနိုင်ရမည်။ မော်တော်ယာဉ်များသုံးစွဲမှုကို စီမံကွပ်ကဲနိုင်ရမည်။
- ယာဉ်ကြံ့ခိုင်ရေးကို ဦးစားပေးဆောင်ရွက်နိုင်ရမည်။ ယာဉ်ပြင်ဆင်ရေးကိစ္စများ နားလည်ကျွမ်းကျင်ရမည်။

၈။ **ယာဉ်မောင်း** ကျား (၅) ဦး
- ကားသေးမောင်းနိုင်သူ၊ (၂/၃)တန်ကားဖြင့်နယ်ခရီးမောင်းနိုင်သူ၊
- **Auto Gear** မောင်းနိုင်သူ။

အထက်ပါအလုပ်ကိုစိတ်ဝင်စားသူသည် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်းမိမိ၏ ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံနှစ်ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ လေဘာ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတို့နှင့်အတူ **AA Medical Products Ltd.** အမှတ် ၄၀၈/၄၁၀၊ (၆)ထပ်၊ **Samsung Plaza** မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။